# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်
# လုပ်ငန်းလမ်းညွှန်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မဲရုံများဆောက်လုပ်ခြင်းနှင့်မဲရုံအဖွဲ့ဝင်များဖွဲ့စည်းခြင်း | ၁ |
| | အပိုင်း(၁)၊ ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးခြင်း | |
| ၃။ | မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂ |
| ၄။ | ဒုတိယမဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂၆ |
| ၅။ | မဲစာရင်းစစ်ဆေးသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃၀ |
| ၆။ | ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃၂ |
| ၇။ | မဲရုံလုံခြုံရေးဆောင်ရွက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃၅ |
| ၈။ | မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃၇ |
| | အပိုင်း(၂)၊ အီလက်ထရောနစ်မဲပေးစက်ဖြင့်ဆန္ဒမဲပေးခြင်း | |
| ၉။ | မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃၇ |
| ၁၀။ | ဒုတိယမဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | မဲစာရင်းစစ်ဆေးသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅၄ |
| ၁၂။ | ထိန်းချုပ်စက်ကိုင်တွယ်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၅၆ |
| ၁၃။ | မဲရုံလုံခြုံရေးဆောင်ရွက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၅၉ |
| ၁၄။ | မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၆၁ |
| ၁၅။ | အပိုင်း(၃)၊အထွေထွေ | ၆၁ |

# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်

## နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန်ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရသည်။

၂။ ယင်းသို့ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် မူပိုင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကိုလည်းကောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ထုတ်ပြန်ထားသည်။

၃။ ရွေးကောက်ပွဲများကျင်းပသည့်အခါတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ သို့မဟုတ် ထိန်းချုပ်စက်ကိုင်တွယ်သူနှင့် မဲရုံလုံခြုံရေး အစရှိသည့် မဲရုံအဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ရှင်းလင်းပြတ်သားစွာ သိရှိနားလည်ဆောင်ရွက်နိုင်ကြစေရန် ကော်မရှင်သည် ဤလုပ်ငန်းလမ်းညွှန်ကို ထုတ်ပြန်လိုက်သည်။

## မဲရုံများဆောက်လုပ်ခြင်းနှင့် မဲရုံအဖွဲ့ဝင်များဖွဲ့စည်းခြင်း

၄။ ရွေးကောက်ပွဲများကျင်းပသောနေ့တွင် မဲဆန္ဒရှင်များ (မသန်စွမ်းသူများအပါအဝင်)သည် မဲရုံသို့လာရောက်၍ မိမိတို့ကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီနှင့်

လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲလက်မှတ်ဖြင့် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးကြမည်ဖြစ်သည်။ သာမန်အားဖြင့် မဲရုံတစ်ရုံတွင် လွှတ်တော်အသီးသီးအတွက် ဆန္ဒမဲပေးခန်းတစ်ခန်း ပါရှိမည်ဖြစ်သည်။ သို့ရာတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ရှိပါက မဲရုံကို မူလဆန္ဒမဲပေးခန်းအပြင် နောက်ထပ် ဆန္ဒမဲပေးခန်းတစ်ခန်း သို့မဟုတ် တစ်ခန်းထက်ပိုမို၍ တိုးချဲ့ဆောက်လုပ်ထားမည်ဖြစ်သည်။ သို့ဖြစ်၍ ထိုတိုးချဲ့ဆောက်လုပ်ရသော ဆန္ဒမဲပေးခန်းများတွင် တာဝန်ယူဆောင်ရွက်ရမည့် မဲရုံအဖွဲ့ဝင်များကိုလည်း လိုအပ်သလို တိုးချဲ့ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေအပေါ်မူတည်ပြီး နောက်ဆက်တွဲပုံစံ(က) သို့မဟုတ် နောက်ဆက်တွဲပုံစံ(က-၁)ပါအတိုင်း ဆန္ဒမဲပေးခန်းများကို ခင်းကျင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။

## အပိုင်း(၁)

## ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးခြင်း

### မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မဲရုံမှူးသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကို ရယူထားရန်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ လမ်းညွှန်မှုကို ခံယူထားရန်၊

(၃) မဲပုံး၊ မဲစာရင်း၊ ဆန္ဒပြုမည့်ဘောလ်ပင်များ၊ ဆန္ဒမဲလက်မှတ်နှင့် မဲရုံမှူးကရေးသားပြုစုရမည့် သတ်မှတ်ပုံစံများ၊ မဲရုံသုံး အခြားပစ္စည်းများ ရရှိရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် ညှိနှိုင်းရယူထားရန်၊

(၄) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ (ဆ) အရ ကြိုတင်ဆန္ဒမဲပေးပြီးသူများစာရင်း ပုံစံ (၁၃) နှစ်စောင်ကို မဲရုံမှူးထံ လာရောက်အပ်နှံသောအခါ ပုံစံ(၁၃)များတွင် လက်မှတ်ရေးထိုး၍ ရယူရန်။

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) မဲရုံမှူးရှေ့မှောက်၌ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စား လှယ်တို့ကို ပုံစံ(၈) သို့မဟုတ် ပုံစံ(၈-က)တွင် လက်မှတ် ရေးထိုးစေရန်နှင့် ယင်းခန့်စာတွင် မဲရုံမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး သိမ်းဆည်းထားရန်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ လွှတ်တော်အလိုက် ဆန္ဒမဲလက်မှတ်များကို ပုံစံ (၁၁-က)တွင် လက်မှတ်ရေးထိုး၍ ရယူထားရန်၊ ယင်းသို့ ရယူရာတွင် မိမိမဲရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၀၀ ရှိပြီး

ပုံစံ(၁၃)အရ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးပြီးသူ ၁၀ ဦးရှိမည်ဆိုပါက အပိုဆောင်းတစ်ရာခိုင်နှုန်းအပါအဝင် ဆန္ဒမဲလက်မှတ်စောင်ရေ ၂၈၃ စောင်ရယူရန်၊

(၃) မိမိရယူထားသော ဆန္ဒမဲလက်မှတ်စာအုပ်အမျိုးအစားနှင့် အရေအတွက်တို့ကို မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁-ခ)သုံးစောင်ဖြင့် မှတ်တမ်းတင်ထားရန် နှင့် တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားပြီး တစ်စောင်ကို မဲရုံတွင် ကပ်ထားကြေညာရန်၊

(၄) မဲပုံး၌ ဆန္ဒမဲလက်မှတ်ဝင်နိုင်ရုံသာ အပေါက်ပြုလုပ်ထား ခြင်း ရှိ မရှိ စစ်ဆေးရန်၊

**မှတ်ချက်**။ အပေါက်ကျဉ်းလွန်းခြင်း၊ ကျယ်လွန်းခြင်းများ ရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပြီး ချက်ချင်းပြုပြင်ရန်။

(၅) မဲဆန္ဒရှင် ဆန္ဒပြုမည့် ဘောလ်ပင်များ ပြည့်စုံလုံလောက်မှု ရှိ မရှိ စစ်ဆေးပြီး ဆန္ဒပြုခန်း ရှိသလောက် အပိုဆောင်း၍ တောင်းခံရယူထားရန်၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ပုံစံ (၁)ဖြင့်ပြုစုထားသည့် မဲစာရင်းသုံးစောင်တွဲ တစ်စုံကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးကျစီအတွက် ပုံစံ (၁-က)ဖြင့်ပြုစုထားသည့် မဲစာရင်းတစ်စုံစီကိုလည်းကောင်း ရယူထားရန်၊

(၇) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ လက်ခံရရှိသော ပုံစံ(၁၃)အရ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ၏ အမည်များကို သက်ဆိုင်ရာ မဲစာရင်းတွင် ပါရှိသော ယင်းတို့၏အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း စိစစ်မှတ်သားရန်၊ ထို့နောက် ပုံစံ(၁၃)တစ်စောင်ကို မဲရုံတွင် ကပ်ထားကြေညာပြီး ကျန်တစ်စောင်ကို မိမိလက်ဝယ်တွင် သိမ်းဆည်းထားရန်၊

(၈) လာရောက်ဆန္ဒမဲပေးသော မဲဆန္ဒရှင်များ၏ အခြေအနေကို ချင့်ချိန်၍ ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးက ကြိုတင်လက်မှတ်ရေးထိုးထားရန်၊

**မှတ်ချက်။** မဲရုံမှူးလက်မှတ်မပါရှိသော ဆန္ဒမဲလက်မှတ်သည် ပယ်မဲများအဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်ပါ၍ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်တိုင်းတွင် မဲရုံမှူးက လက်မှတ်ရေးထိုးထားရန် အထူးဂရုပြုစေလိုပါသည်။

(၉) မိမိနာရီကို မြန်မာစံတော်ချိန်နှင့် အချိန်ညှိထားရန်၊

(၁၀) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ လက်ခံရရှိထားသည့် သက်ဆိုင်ရာ လွှတ်တော် မဲစာရင်းတစ်စုံစီကို သက်ဆိုင်ရာ မဲစာရင်းစစ်ဆေးသူများသို့ နောက်ဆက်တွဲပုံစံ(ခ)ဖြင့် ပေးအပ်ရန်၊

(၁၁) ဆန္ဒမဲလက်မှတ်ထုတ်ပေးမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အတွက်ပေးရမည့် ဆန္ဒမဲလက်မှတ်စာအုပ်များ ကို နောက်ဆက်တွဲပုံစံ(ဂ)ဖြင့် ထုတ်ပေးရန်၊

(၁၂) မဲပုံးအလွတ်များကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ နှင့် မဲရုံရှိ အသိသက်သေများကို ပြသပြီး၊ မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံရေးကြိုးဖြင့် လုံခြုံစွာပိတ်၍ မဲရုံအတွင်း မိမိမြင်နိုင်သောနေရာတွင် ထားရှိရန်၊

(၁၃) နံနက် ၆ နာရီတိတိတွင် မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာ ရန်၊

(၁၄) ရွေးကောက်ပွဲကို တရားမျှတစွာဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်း တကျဝင်ခွင့်ပေးရန်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(၁၅) မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို

မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊

(၁၆) မဲရုံလုံခြုံမှုအတွက် မဲရုံပတ်ဝန်းကျင်ကို လိုအပ်သလို ကြည့်ရှု စစ်ဆေးရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ်ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်သည် -

(၁) ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည်လည်းကောင်း၊ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိနှင့်သက်ဆိုင်သည့် မဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြနိုင်လျှင် သက်ဆိုင်ရာ မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်အား ထိုမဲရုံတွင် ဆန္ဒမဲပေးခွင့်ပြုရန်၊

(၂) ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း သက်ဆိုင်ရာ မဲစာရင်း၌ပါရှိ

သော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးသည် သတ်မှတ်ထား သည့်နေရာတွင် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုစေရန်၊

(၃) ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များ ကိုယ်စား ဆောင်ရွက်ပေးရန်၊ ထို့နောက် ဆန္ဒမဲပေးသူအား ဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေ ရန်၊

(၄) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရန်၊

(၅) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်း မရှိ စေရန်အတွက် သတ်မှတ်ညွှန်ကြားသည့်အတိုင်း မင်တို့၍ အမှတ်အသားပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၆) မဲရုံအဖွဲ့ဝင်များသို့ ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ မဲရုံဖွင့် သည့်အချိန်၊ ပိတ်သည့်အချိန်နှင့် အခြားမှတ်တမ်းတင်သင့် သော ဖြစ်ရပ်များကို ဖြစ်စဉ်မှတ်တမ်း နောက်ဆက်တွဲပုံစံ (ဃ)တွင် ရေးသွင်းထားရန်၊

(၇) ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ မဲရုံတွင် သဘာဝ ဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေ အရလည်းကောင်း မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြား ရန်၊

(၈) ဆန္ဒမဲပေးစဉ် ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံမှူးသည် မဲပုံးကို မဲရုံတွင်တာဝန်ကျသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စား လှယ်များအနက် လိုက်ပါနိုင်သူတို့နှင့်အတူ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သယ်ဆောင်ရန်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိသည့်အခါ မဲရုံမှူးသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆန္ဒမဲရေတွက်သည့်နေရာတွင်ရောက်ရှိနေသော လွှတ်တော် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် မဲပုံးကို ဖွင့်၍ ဆန္ဒမဲများရေတွက်ရန်၊ ယင်းသို့ ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက်ကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါသော) မဲဆန္ဒနယ် နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ ပုံစံ (၁၇-ဂ) တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်သော) မဲဆန္ဒနယ်နှင့် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ ပုံစံ ၁၇ (ဂ-၁)တွင်လည်းကောင်း ရေးသွင်းပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့ ၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ် များ သို့မဟုတ် အကူကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရန်၊ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါ က ပျက်ကွက်သူ၏ တာဝန်သာဖြစ်ကြောင်း အသိပေးရန်၊ ယင်းပုံစံ(၁၇-ဂ)နှင့် ပုံစံ ၁၇(ဂ-၁)ကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရန်၊

(ဇ) ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံရှိ မဲပုံးတစ်ခု သို့မဟုတ် အများကို မတရားသည့်နည်းဖြင့် ယူဆောင်သွားခြင်း ခံရလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးသည် ထိုမဲရုံ၌

ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်း၍ ထိုမဲရုံ၏ ဆန္ဒမဲပေးခြင်း ပျက်ပြယ်သည်ဟု သတ်မှတ်ရန်၊

(၁၀) မဲရုံမှူးသည် ယင်းသို့ ပျက်ပြယ်ကြောင်း သတ်မှတ်ခြင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရန်နှင့် ယင်းအဖြစ်အပျက်ကို နောက်ဆက်တွဲပုံစံ(ဃ) ဖြစ်စဉ်မှတ်တမ်းတွင် ပြည့်စုံစွာ ရေးသွင်းရန်၊

(၁၁) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ်ကိုလာရောက် တောင်းဆိုကြောင်း မဲရုံမှူးက သိရှိလျှင် ထိုအယောင်ဆောင် သူအား ဆန္ဒမဲပေးခွင့်မပြုရန်၊

(၁၂) မဲရုံမှူးသည် ယင်းသို့ဆန္ဒမဲပေးခွင့်မရသူနှင့် ပတ်သက်၍ ထိုသူ၏အမည်၊ နေရပ်တို့ကို ရေးမှတ်ပြီးနောက် ဆန္ဒမဲ ပေးခွင့်မပြုခြင်းအတွက် အကြောင်းပြချက်များကို အကျဉ်း ချုပ်ရေးသားပြီး ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူနိုင် ရေးအတွက် ဆောင်ရွက်ရန်၊

(၁၃) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင် ဆောင်၍ ဆန္ဒမဲလက်မှတ် တောင်းဆိုသူဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မဲရုံတွင်တာဝန်ရှိသူ တစ်ဦးဦးကဖြစ်စေ ကန့်ကွက်လာလျှင် မဲရုံမှူးသည်

ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)တွင် လိုအပ်သည်များ ဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ်တောင်းဆိုသူနှင့် ကန့်ကွက်သူများကို လက်မှတ်ရေးထိုးစေရန်၊

(၁၄) ဆန္ဒမဲလက်မှတ်တောင်းဆိုသူ စာမရေးတတ်လျှင် လက်ဝဲလက်မလက်ဗွေနှိပ်စေရန်၊ လိုက်နာခြင်းမပြုလျှင် ထိုသူအားဆန္ဒမဲပေးခွင့်မပြုရန်၊ ဆန္ဒမဲလက်မှတ်တောင်းဆိုသူက သူတစ်ပါးအယောင်ဆောင်ကြောင်း ပေါ်ပေါက်ခြင်းမရှိပါက ဆန္ဒမဲပေးခွင့်ပြုရန်၊ သူတစ်ပါးအယောင်ဆောင်ကြောင်း ပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူထံ ချက်ချင်းအပ်နှံရန်၊

(၁၅) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ် မတော်တဆပျက်စီးခဲ့ပါက ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ထုတ်ပေးရန်၊ ထိုသို့ထုတ်ပေးကြောင်းကို နောက်ဆက်တွဲ ပုံစံ(ဃ)ဖြစ်စဉ်မှတ်တမ်းတွင် မှတ်တမ်းတင်ထားရန်၊

(၁၆) မဲရုံမှူးသည် အထက်အပိုဒ်ခွဲငယ်(၁၁)ပါ သူတစ်ပါးအယောင်ဆောင်သူအား ဆန္ဒမဲထည့်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် မိမိ၏ဆုံးဖြတ်ချက်တို့ကို ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)တွင်ရေးမှတ်ထားရန်၊

(၁၇) မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ် မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊

ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့်သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထား တင်ပြနိုင်လျှင် မဲစာရင်းတွင်ပါရှိသောအဆိုပါ မှားယွင်းချက်၊ ချို့ငဲ့ချက်၊ ချွတ်ချော်ချက်ကိုပြင်ဆင်ရေးမှတ်၍ ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရန်၊ ယင်းသို့ပြင်ဆင်ခွင့်ပြုသည့်အခါတိုင်း မဲရုံမှူးသည်အကျိုးအကြောင်းအကျဉ်းချုပ်ကို ပုံစံ(၁၂)ဖြင့် ရေးသားမှတ်တမ်းတင်ထားရန်၊

(၁၈) ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အချိန်အတွင်း မဲရုံအတွင်းသို့ အောက်ပါပုဂ္ဂိုလ်များမှတစ်ပါးအခြားမည်သူမျှ မဝင်စေရ -

(ကက) မဲရုံအဖွဲ့ဝင်များ၊

(ခခ) ဆန္ဒမဲပေးမည့်သူများ၊

(ဂဂ) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊

(ဃဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅၄ အရ ခွင့်ပြုထားသူများ၊

(ငင) ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊

(စစ) သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊

မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ။

**မှတ်ချက်**။(၁) မဲရုံများတွင် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်နှစ်ဦးလုံး မဲရုံအတွင်းသို့ ဝင်ရောက်ပါက လျှို့ဝှက်မဲပေးစနစ်ကို ထိခိုက်နိုင်လျှင် ယင်းတို့နှစ်ဦးအနက် တစ်ဦးစီသာ အလှည့်ကျဝင်ရောက်စေရေး စီမံဆောင်ရွက်ရမည်။

(၂) ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်များအား မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာစေရမည်။

(၁၉) တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသော အမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်ဝတ္တရားအရ ညွှန်ကြားခြင်းကိုမနာခံလျှင် ထိုသူအား မဲရုံမှူး၏အမိန့်ဖြင့် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦးက မဲရုံမှ ချက်ချင်းဖယ်ရှားရန်၊

**မှတ်ချက်**။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးအား ဆန္ဒမဲမပေးနိုင်အောင် ဤလုပ်ပိုင်ခွင့်ကို အသုံးမပြုရ။

(၂၀) ရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ကြောင်း

သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်း တွေ့ရှိလျှင် ထိုသူကို ဖမ်းဆီးရန်အတွက် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြား လုံခြုံရေးတာဝန်ရှိသူအား ညွှန်ကြားရန်၊

(၂၁) မဲရုံမှူးကလည်းကောင်း၊ ဒုတိယမဲရုံမှူးကလည်းကောင်း၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကလည်းကောင်း မဲစာရင်းတွင် မိမိတို့ သဘောအရ မဲဆန္ဒရှင်အသစ်များ၏ အမည်စာရင်းကို ဖြည့်စွက်ခြင်း မပြုရန်၊

(၂၂) ဆန္ဒမဲပေးပြီးသူများစာရင်းနှင့် လက်ကျန်ဆန္ဒမဲလက်မှတ် အရေအတွက်ကို အခါအားလျော်စွာ စစ်ဆေးရန်၊ ယင်းသို့ စစ်ဆေးကြောင်းကိုလည်း နောက်ဆက်တွဲပုံစံ(ဃ) ဖြစ်စဉ် မှတ်တမ်းတွင် ရေးသားရန်၊

(၂၃) မဲရုံကို ညနေ ၄ နာရီတိတိအချိန်တွင် ပိတ်ရမည်။ သို့ရာတွင် မဲရုံမပိတ်မီ မဲရုံမှူးသည် မိမိမဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲ မပေးရသေးသူ ရှိ မရှိ စုံစမ်းစိစစ်၍ ရှိပါက စာရင်းကောက် ယူပြီးလျှင် ထိုသူများအား ဆန္ဒမဲပေးချိန်ကျော်လွန်ပြီး စေကာမူ ဆက်လက်ဆန္ဒမဲပေးခွင့်ပြုရန်၊

**မှတ်ချက်**။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်အချို့ သည် ခရီးလွန်ခြင်းရှိမည်ဖြစ်ရာ အဆိုပါ မဲဆန္ဒရှင်သည် ခရီးလွန်နေ၍ ဆန္ဒမဲပေးရန် မလာရောက်နိုင်ကြောင်း မည်သည့်ပုဂ္ဂိုလ်က ပင် ထောက်ခံချက်ပေးစေကာမူ မဲရုံမှူးသည်

ယင်းမဲဆန္ဒရှင်များကို မဲရုံပိတ်ချိန်ဖြစ်သော ညနေ ၄ နာရီအထိသာ စောင့်ဆိုင်းရမည်ဖြစ်သည်။

(၂၄) မည်သူမဆိုဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများ စိတ်ပြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက်အစရှိသော အသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာ သုံးစွဲခြင်း၊ အော်ဟစ်ခြင်းအစရှိသော စည်းကမ်းမဲ့သည့် အပြုအမူများတွေ့ရှိပါက ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရန်၊

(၂၅) ညနေ ၄ နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကို သတ်မှတ်ထားသည့် အချိန်ထက်စော၍ ပိတ်ရန်၊ မဲရုံပိတ်ပါက မဲရုံပိတ်ကြောင်းကြေညာရန်။

(ဃ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ ၄ နာရီထိုးပြီး၍ဖြစ်စေ မဲရုံကို ပိတ်ပြီးလျှင် မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းအား အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည် -

(၁) မဲရုံတွင် လာရောက်မဲပေးသူ အရေအတွက်အား ပုံစံ(၁)၊ ပုံစံ(၁-က)တို့ဖြင့် တိုက်ဆိုင်စိစစ်၍ မှတ်တမ်းတင်ရန်၊

(၂) အသုံးမပြုဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များကို မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ပြီးနောက် ပုံစံ ၁၆(ခ-၂)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရန်၊

(၃) မဲဆန္ဒရှင်များအား ထုတ်ပေးခြင်းမပြုရသေးသော မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ်အပိုများ ကျန်ရှိပါက ထိုဆန္ဒမဲလက်မှတ်များကို ထိပ်မှအောက်ဆုံးအထိ ကြက်ခြေခတ်၍ ပယ်ဖျက်ထားရန်၊

**မှတ်ချက်**။ မဲရုံမှူးလက်မှတ်ရေးထိုးထားသော ဆန္ဒမဲလက်မှတ်အများအပြားကျန်ရှိပါက ထိုလက်မှတ်များကို ပယ်ဖျက်ရသည့် တာဝန်ကြီးတစ်ရပ်ပိုလာမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်အများစု ဆန္ဒမဲပေးပြီးသည့်နောက်ပိုင်းတွင် မဲရုံမှူးက ချင့်ချိန်၍ လိုအပ်သရွေ့သာ ဆန္ဒမဲလက်မှတ်အပိုများတွင် လက်မှတ်ရေးထိုးထားရန်။

(၄) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ရာ၌ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၃ အရ ဆန္ဒမဲရေတွက်ရာနေရာ တွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)တို့၏ကျောဘက် တွင်မှတ်တမ်းတင်ထားရန်၊

(၅) မဲပုံးများကို ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စား လှယ်များ၊ အကူကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များ ရှေ့မှောက်တွင် လုံခြုံရေးကြိုးဖြင့်ပိတ်ထားသည့် အခြေအနေ အတိုင်း ရှိကြောင်းပြသ၍ဖွင့်ရန်၊

(၆) ထိုသို့ ဖွင့်ပြီးသောအခါ မဲလက်မှတ်များကို ရေတွက်ခြင်း မပြုမီ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းဦးရေအတိုင်း မဲလက်မှတ်ထည့်ရန် ခြင်းများ သို့မဟုတ် တောင်းများကို စီစဉ်ထားရန်၊ ထို့နောက် ဆန္ဒမဲလက်မှတ်ပျောက်ဆုံးခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် မဲပုံးများထဲမှ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူ၍ ပထမဦးစွာ ရေတွက်ရန်၊

(၇) ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကိုက်ညီမှု ရှိ မရှိ စစ်ဆေး ပြီး ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)တို့တွင် ပါရှိသည့် မှတ်ချက် အကွက်တွင် ရေးသွင်းရန်၊ ကိုက်ညီမှုမရှိပါက နောက်ဆက် တွဲပုံစံ(ဃ) ဖြစ်စဉ်မှတ်တမ်းတွင် ပြည့်စုံစွာရေးသွင်းပြီး

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရန်၊ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်ရန်၊

(၈) မဲရုံမှူးသည် နည်းဥပဒေ ၉၃ နည်းဥပဒေခွဲ (ခ) အရ ဆန္ဒမဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ရန်နှင့် ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုပါ လေ့လာခွင့်ပြုရန်၊

(၉) ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် အငြင်းပွားဖွယ်ရှိသော ဆန္ဒမဲလက်မှတ်အား ခိုင်လုံမဲဖြစ်သည် ပယ်မဲဖြစ်သည်ကို မဲရုံမှူးက ဆုံးဖြတ်ရန်၊

(၁၀) ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ အောက်ပါ ဆန္ဒမဲလက်မှတ်များကို ပယ်ရမည် -

(ကက) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(ခခ) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

**မှတ်ချက်**။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်သည့်အခါမှ ဆန္ဒမဲလက်မှတ်များတွင် မိမိလက်မှတ်မပါကြောင်း တွေ့ရှိသည့်

အခါ မိမိချတ်ယွင်းမှုကို ဖုံးဖိသည့် အနေဖြင့် ထိုဆန္ဒမဲလက်မှတ်များ တွင် မိမိ၏လက်မှတ်ကို ရေးထိုးခြင်း မပြုရ။ ထိုသို့သော ဆန္ဒမဲလက်မှတ် များကို ပယ်ရန်ဖြစ်သည်။

(ဂဂ) နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြု ထားသည့် ဆန္ဒမဲလက်မှတ်၊

(ဃဃ) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ငင) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(စစ) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(ဆဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြု ထားသည့် ဆန္ဒမဲလက်မှတ်၊

(ဇဇ) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊

(ဈဈ) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန် ထားသော ဆန္ဒမဲလက်မှတ်များ။

(၁၁) မဲရုံမှူးက ပယ်သည့်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက် သည့်နေရာတွင်ရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်း

များ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ သို့မဟုတ် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များ အားကြည့်ရှုရန် အခွင့်အရေးပေးရမည်။ ပယ်မဲတစ်စောင် ချင်းအလိုက် အမှတ်စဉ်ရေးထိုးထားရမည်။ ထို့ပြင် ပယ်မဲ တစ်စောင်ချင်းစီအလိုက် ပယ်သည့်အကြောင်းကိုသတ်မှတ် ထားသည့် ပုံစံ(၁၆-ဂ)၊ ပုံစံ၁၆(ဂ-၁) တို့ဖြင့်မှတ်တမ်းတင်၍ မဲရုံမှူးက လက်မှတ်ရေးထိုးထားရန်၊

(၁၂) ဆန္ဒမဲလက်မှတ်တစ်ခုချင်းကို စိစစ်၍ ပယ်မဲမဟုတ်ပါက ဆန္ဒမဲလက်မှတ်ပါ ဆန္ဒပြုထားသည့် နိုင်ငံရေးပါတီနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ထားရှိသော ခြင်း သို့မဟုတ် တောင်းထဲသို့ထည့်ရန်၊

(၁၃) ထို့နောက် ခြင်း သို့မဟုတ် တောင်းထဲ၌ရှိသည့် နိုင်ငံရေး ပါတီနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ရန်၊

(၁၄) ထိုသို့ရေတွက်ရာတွင် နိုင်ငံရေးပါတီနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများရရှိထားသော ဆန္ဒမဲလက်မှတ် များကို တစ်ရွက်ချင်းအလိုက် အမှတ်စဉ်ရေးထိုးထားရန်၊

(၁၅) ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိ သည့် ဆန္ဒမဲအရေအတွက်ကို ဂဏန်းဖြင့်လည်းကောင်း၊

စာဖြင့်လည်းကောင်း အောက်ပါအတိုင်း စာရင်းရေးသွင်းပြီး ငါးစောင်စီပြုစုရန် -

(ကက) သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါသော) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံ (၁၇-ဂ)ဖြင့် ဖြည့်သွင်းရန်၊

(ခခ) အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်သော)မဲဆန္ဒနယ်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံ ၁၇(ဂ-၁)ဖြင့် ဖြည့်သွင်းရန်။

(၁၆) အထက်အပိုဒ်ခွဲငယ်(၁၅)ပါ ပုံစံ (၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)များတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက မှန်ကန်

ကြောင်း လက်မှတ်ရေးထိုးပြီး ပုံစံတစ်စောင်ကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်နှစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရန်၊ တစ်စောင်ကို မိမိ၏လက်ဝယ်တွင် ထိန်းသိမ်းထားပြီး ကျန်တစ်စောင်ကို မဲရုံတွင်ကပ်ထားရန်၊

(၁၇) မဲပုံးထဲမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီးစီးသည့်အခါ မဲရုံမှူးသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီတစ်ခုစီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရရှိသည့် ခိုင်လုံသော ဆန္ဒမဲလက်မှတ်များကို ရွက်ရေ ၁၀၀ လျှင် တစ်စည်းစီနှင့် ကျန်ရွက်ရေများကို တစ်စည်း ကြိုးဖြင့်ချည်ကာ သီးခြားအထုပ်တစ်ထုပ်စီပြုလုပ်၍ သိမ်းဆည်းထားရန်၊ ယင်းအထုပ်အသီးသီးပေါ်တွင် နိုင်ငံရေးပါတီအမည် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်၊ မဲဆန္ဒနယ်အမည်၊ မြို့နယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ထားသည့် စာရွက်ကို ကပ်ထားရန်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ပယ်မဲအားလုံးကို ကြိုးဖြင့်ချည်ကာ အထုပ်တစ်ထုပ်ပြုလုပ်ရန်၊ ယင်းအထုပ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ မြို့နယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်၊ မဲရုံအမှတ်နှင့် ပစ္စည်းအမျိုးအမည်တို့ကို ထင်ရှားစွာရေးမှတ်

ထားသည့်စာရွက်ကို ကပ်ထားရန်၊ ထို့နောက် အထက် ဖော်ပြပါ အထုပ်များအားလုံးကို သက်ဆိုင်ရာ မဲဆန္ဒနယ် အလိုက် အထုပ်တစ်ထုပ် ပြုလုပ်ရန်၊

(၁၈) မဲရုံပိတ်ချိန်တွင် အောက်ပါတို့ကို ကြိုးဖြင့်ချည်ကာ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် အထုပ်တစ်ထုပ် ပြုလုပ်ရန်၊ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုး အမည်၊ မြို့နယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ထားသည့် စာရွက်ကို ကပ်ထားရန် -

(ကက) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ ၁၆(ခ-၂)၊

(ခခ) မဲရုံတွင် အသုံးပြုသောမဲစာရင်း၊

(ဂဂ) ပယ်မဲပုံစံ (၁၆-ဂ)၊ ပုံစံ ၁၆(ဂ-၁)များ။

(၁၉) အထက်အပိုဒ်ခွဲငယ်(၁၇)နှင့် (၁၈)တို့တွင် ဖော်ပြထားသော အထုပ်များကို သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက်ထုပ်ပိုး၍ မဲပုံးအလွတ်တစ်ပုံးတွင်ထည့်ကာ မဲပုံးကို လုံခြုံရေးကြိုးဖြင့် လုံခြုံစွာပိတ်ရန်၊ အကယ်၍ မဲပုံးတစ်ပုံးတည်းဖြင့် လုံလောက်မှုမရှိပါက လုံလောက်သည်အထိ မဲပုံးများကို ထပ်မံအသုံးပြုရန်၊ ထို့နောက် ယင်းမဲပုံး၊ ပုံစံ(၁၇-ဂ)နှင့် ပုံစံ ၁၇(ဂ-၁)တို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်အတူ မြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရန်၊ ထိုမဲပုံးပေါ်တွင် မဲရုံအမှတ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်၊ မြို့နယ်အမည်နှင့် ပစ္စည်းအမျိုးအမည်တို့ကို ထင်ရှားစွာရေးမှတ်ထားသည့်စာရွက်ကို ကပ်ထားရန်၊

(၂၀) အထက်အပိုဒ်ခွဲငယ် (၁၉) ပါ ပုံစံ(၁၇-ဂ)၊ ပုံစံ၁၇(ဂ-၁)များ ထည့်ထားသော စာအိတ်နှင့် မဲပုံးကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရန်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ ယင်းပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)နှင့် မဲပုံးတို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာ ပေးပို့ရန်။

(င) အထက်ပါလမ်းညွှန်ချက်များတွင် မပါရှိသည့်ကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရန်ဖြစ်သည်။

**ဒုတိယမဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ ဒုတိယမဲရုံမှူးသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်မတိုင်မီ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မဲရုံအဖွဲ့ဝင်များနှင့်တွေ့ဆုံညှိနှိုင်းထားရန်၊

(၂) လုပ်ငန်းလမ်းညွှန်၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ သိသင့်သိထိုက်သော အချက်အလက်များကို မဲရုံအဖွဲ့ဝင်များအားရှင်းပြထားရန်၊

(၃) မိမိတာဝန်ကျမည့် မဲရုံသို့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ သွားရောက်ရာတွင် မည်သည့်အချိန်၊ မည်သည့်နေရာ၌ ကြိုတင်တွေ့ဆုံကြမည်ကို မဲရုံအဖွဲ့ဝင်များအား ညှိနှိုင်းထားရန်။

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ အောက်ပါပစ္စည်းများကိုထုတ်ယူထားရန် -

(ကက) မိမိမဲရုံနှင့် သက်ဆိုင်သော မဲစာရင်းများ၊

(ခခ) မဲပုံးများ၊

(ဂဂ) ဆန္ဒပြုသည့် ဘောလ်ပင်များ (ဆန္ဒပြုခန်းအရေ အတွက် ရှိသလောက် လုံလောက်အောင် အပို ဆောင်း ရယူထားရန်)၊

(ဃဃ) ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်းမှတ် တမ်း ပုံစံ(၁၁-ခ) ၊ မဲစာရင်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်အကျဉ်းချုပ် ပုံစံ(၁၂)၊ ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)၊ မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်စာရင်း ပုံစံ ၁၆(ခ-၂)၊ ပယ်မဲစာရင်း ပုံစံ(၁၆-ဂ)၊ပုံစံ၁၆(ဂ-၁)၊ သက်ဆိုင်ရာ နိုင်ငံရေး ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)နှင့် လုပ်ငန်းလမ်းညွှန်နောက်ဆက်တွဲ ပုံစံ(ခ)၊ (ဂ)နှင့် (ဃ) ၊

(ငင) မင်ခံခွက်၊

(စစ) ချည်ကြိုး၊

(ဆဆ) မဲရုံအမှတ်ရေးသားထားသည့်စာတမ်း၊

(ဇဇ) ဘောလ်ပင်များ(အနက်ရောင်နှင့် အပြာရောင်သာ သုံးစွဲရန်)၊

(ဈဈ) ဆန္ဒမဲလက်မှတ်ဖြတ်ပေးရန် ပေတံ၊

(ညည) ဆန္ဒမဲများရေတွက်ရန် လိုအပ်သောခြင်းများ သို့မဟုတ် တောင်းများ၊

(ဋဋ) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲမပေးနိုင်စေရေးအတွက် သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း မင်တို့၍ အမှတ်အသားပြုစေရန် လိုအပ်သည့် မင်အိုး သို့မဟုတ် မင်ခွက်များ၊

(ဌဌ) အခြားလိုအပ်သည့် ပစ္စည်းများ။

(၂) ဆန္ဒမဲလက်မှတ်စာအုပ်များ ရရှိပြီးနောက် ဆန္ဒမဲလက်မှတ်စာအုပ်အလိုက် အတွင်းလက်ခံဖြတ်ပိုင်းရှိ အမှတ်စဉ်များကို စာအုပ်တစ်အုပ်စီအတွက် အစမှအဆုံးရေးမှတ်ပေးရန်၊ (ယင်းအတွင်းလက်ခံဖြတ်ပိုင်းပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့မှာ အားလုံးတူညီနေ၍ စာအုပ်တစ်အုပ်လျှင် ရှက်ရေအမှတ်စဉ် ၁ မှ ၅ အထိ ထိုကွက်လပ်များကို ဖြည့်သွင်းပေးခြင်းအားဖြင့် ကျန်ရွက်ရေအမှတ်စဉ် ၆ မှ ၅၀ အထိ ရေးသွင်းရန် မလိုတော့ပါ။ ထိုအတွင်းလက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်တို့ကိုသာ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူက ရေးသွင်းရခြင်းအားဖြင့် လုပ်ငန်းနှင့်အချိန်ကုန် သက်သာပါမည်။)

(၃) မဲစာရင်း၏ စာမျက်နှာအမှတ်စဉ်နှင့် ရွက်ရေပြည့်စုံ မှန်ကန်မှုရှိ မရှိ စစ်ဆေးရန်၊

(၄) မဲစာရင်း၏ မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(၅) မဲရုံအဖွဲ့ဝင်များကို သတ်မှတ်ထားသောနေရာများ၌ နေရာချထားရန်၊

(၆) မဲရုံထဲသို့ ဝင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား သတ်မှတ်ထားသည့်အတိုင်း နေရာချထားရန်၊

(၇) မဲပုံးအလွတ်ကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များအပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံရေးကြိုးဖြင့် လုံခြုံစွာပိတ်၍ မဲရုံအတွင်း သတ်မှတ်ထားသောနေရာ၌ ထားရှိရန်၊

(၈) စာမတတ်သော မဲဆန္ဒရှင်များ လက်ဗွေနှိပ်ရန် မင်ခံခွက်နှင့် လက်သုတ်ရန်အဝတ် ထားရှိရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ်ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) မဲရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ရောက်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(၂) မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးရန်၊

(၃) မဲဆန္ဒရှင်တစ်ဦးတစ်ယောက်သည် ဆန္ဒမဲလက်မှတ်ကို မဲပုံး အတွင်းသို့ ထည့်သွင်းခြင်းမပြုဘဲ မဲရုံပြင်ပသို့ ထုတ်ယူသွား ကြောင်း တွေ့ရှိလျှင်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ထည့်ရန် ကြံရွယ်ကြောင်း တွေ့ရှိလျှင် လည်းကောင်း မဲရုံမှူးထံ ချက်ချင်းအကြောင်းကြားရန်၊

(၄) မဲရုံလုံခြုံမှုအတွက် လိုအပ်သလို ကြည့်ရှုစစ်ဆေးရန်။

(ဃ) မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရမည်။

**မဲစာရင်းစစ်ဆေးသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာဆောင် ရွက်ရမည် -

(က) မဲရုံမှူးထံမှရရှိသော မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ဟုတ် မဟုတ် စစ်ဆေးရန်၊

(ခ) မိမိရရှိထားသော မဲစာရင်းပါ စာမျက်နှာအမှတ်စဉ်နှင့်ရွက်ရေ ပြည့်စုံ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဂ) မိမိရရှိထားသော မဲစာရင်းပါ မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများစာရင်းကို မဲစာရင်း တွင်ပါဝင်သော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ မှတ်သားပြီး မပြီး စစ်ဆေးရန်၊

(င) ဆန္ဒမဲလာရောက်ပေးသူများကို အမည် မှန် မမှန်၊ ယင်းတို့ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တို့ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်းအမှတ်စဉ်အားစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး ဆန္ဒမဲပေးခွင့်ပြုပါက မဲစာရင်းပုံစံ(၁)၊ ပုံစံ(၁-က)ပါ သက်ဆိုင်သူ၏ အမည်တည့်တည့်တွင်လက်မှတ်ရေးထိုးစေရန်၊ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မလက်ဗွေနှိပ်စေရန်၊

**မှတ်ချက်**။ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း၊ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိနှင့်သက်ဆိုင်သည့်မဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြနိုင်လျှင် မဲရုံမှူးထံတင်ပြ၍ မဲရုံမှူး၏ လမ်းညွှန်မှုအတိုင်း ဆက်လက်ဆောင်ရွက်ရန်။

(စ) မဲဆန္ဒရှင်တစ်ဦးသည် ယင်း၏ မဲစာရင်းပါအချက်များနှင့် မကိုက်ညီပါက မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ဆ) မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက ဆန္ဒမဲလာရောက်ပေးခြင်းကို လုံး၀(လုံး၀)ခွင့်မပြုရန်၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် လာရောက်တောင်း ဆိုကြောင်း စိစစ်တွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ဈ) ဆန္ဒမဲပေးရန်လာသူတစ်ဦးသည် မဲဆန္ဒရှင်အမှန်မဟုတ်ဟု သံသယ ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ည) မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်း ပြီးဆုံးပါက ထုတ်ယူထားသော မဲစာရင်းကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံပြီး မဲရုံမှူးထံတွင်ရှိသည့် နောက်ဆက်တွဲပုံစံ(ခ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိ ကြောင်း လက်မှတ်ရေးထိုးစေရန်၊

(ဋ) မိမိတာ၀န်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့၀င် တစ်ဦးဦးအား လွှဲပြောင်းဆောင်ရွက်ခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တသွားလိုသည့် အခါ ယင်းတာ၀န်ကို မဲရုံမှူးမှ တာ၀န်ပေးသည့် မဲရုံ အဖွဲ့၀င်က ခေတ္တတာ၀န်ယူပေးရန်ဖြစ်သည်။

**ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ တာ၀န်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့၀င်သည် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည် -

(က) မဲရုံမှူးထံမှရရှိသော မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်စာအုပ် ဟုတ် မဟုတ် စစ်ဆေးရန်၊

(ခ) မိမိရရှိထားသော ဆန္ဒမဲလက်မှတ်စာအုပ်များတွင် ရွက်ရေပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဂ) မိမိရရှိထားသော ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ်ရေးထိုးထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဃ) ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအားထုတ်မပေးမီ မဲစာရင်းပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်းအမှတ်တို့ မှန်ကန်ပါကဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ ရေးသွင်းရမည်။ ထို့နောက်ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မလက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားထုတ်ပေးရမည်။ ထို့ပြင် မဲစာရင်း၌ စာအုပ်အမှတ်/ မဲလက်မှတ်အမှတ်စဉ်တို့ကိုသာ မှတ်သားထားရန်၊

**ဥပမာ**။ စာအုပ်အမှတ် ၃ ပါ မဲလက်မှတ်အမှတ်စဉ် ၁၅ ဖြစ်ပါက ၃/၁၅ ဟု မှတ်သားထားရန်။

(င) စာမတတ်သည့်မဲဆန္ဒရှင်များ ဆန္ဒမဲလက်မှတ်လာရောက်ထုတ်ယူသည့်အခါ မဲစာရင်း၌ ယင်းက လက်ဗွေနှိပ်ထားသဖြင့် လက်ကိုအဝတ်ဖြင့် သုတ်စေရန်၊

(စ) ဆန္ဒမဲလက်မှတ်ထုတ်ပေးသည့်အခါ ဆန္ဒမဲလက်မှတ် အပိုပါမသွားစေရေးအတွက် အထူးသတိထား ထုတ်ပေးရန်၊

(ဆ) မူလကပင် အစွန်းအထင်းရှိနေသော သို့မဟုတ် စုတ်ပြဲနေသော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ထုတ်မပေးရန်နှင့် မဲရုံမှူးထံ ချက်ချင်း တင်ပြရန်၊

(ဇ) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ် မတော်တဆ ပျက်စီးခဲ့ပါက မဲရုံမှူးထံ ချက်ချင်းတင်ပြ၍ မဲရုံမှူး၏ခွင့်ပြုချက်ဖြင့် ဆန္ဒမဲလက်မှတ် အသစ်လဲလှယ်ထုတ်ပေးရန်၊ ထိုသို့ထုတ်ပေးကြောင်းကို မှတ်တမ်းတင်ထားရန်၊

(ဈ) မိမိထုတ်ပေးပြီးသော ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ကို ဆန္ဒမဲပေးပြီးသူဦးရေနှင့် အခါ အားလျော်စွာ တိုက်ဆိုင်စစ်ဆေးရန်၊ အကယ်၍ ကွဲလွဲချက်ရှိပါက မဲရုံမှူးထံ ချက်ချင်းအကြောင်းကြားရန်၊

(ည) မဲရုံပိတ်သည့်အခါ မဲစာရင်းနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရန်၊

(ဋ) ဆန္ဒမဲလက်မှတ်လက်ကျန်ကို မဲရုံမှူးထံမှ လက်ခံရရှိထားသည့် နောက်ဆက်တွဲပုံစံ(ဂ)၏ ကျောဘက်တွင် မဲရုံမှူးအားလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး မဲရုံမှူးထံ အပ်နှံရန်၊

(ဌ) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တမျှသွားလိုသည့် အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန်ဖြစ်သည်။

## မဲရုံလုံခြုံရေးဆောင်ရွက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ မဲရုံလုံခြုံရေးဆောင်ရွက်သူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည် -

(က) မိမိစောင့်ကြပ်ရမည့် မဲပုံးများကို သတ်မှတ်ထားသောနေရာတွင် စနစ်တကျထားရှိခြင်း ရှိ မရှိ စစ်ဆေးကြည့်ရှုရန်၊

(ခ) မဲပုံးများ၌ ဆန္ဒမဲလက်မှတ်ကို လွယ်ကူစွာထည့်နိုင်သော အပေါက် ပြုလုပ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဂ) မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စည်းကမ်းစနစ်တကျ ဝင်/ ထွက်နိုင် ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်းပြီးစီးနိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ရန်၊

(ဃ) ဆန္ဒမဲလာရောက်ပေးသူတစ်ဦးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရလက်မှတ်တစ်မျိုးမျိုး မပါရှိပါက မဲရုံအတွင်းသို့ ဝင်ရောက် ခွင့်မပြုရန်၊

(င) မဲရုံအတွင်းသို့ ဝင်ရောက်ရာတွင် တားမြစ်ထားသည့်ပစ္စည်းများ ယူဆောင်လာခြင်းမရှိစေရေး မဲရုံအတွင်း မဝင်ရောက်မီ စစ်ဆေးရန်၊

(စ) မဲရုံသို့ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသော ကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင် စွမ်းမရှိလျှင် ဒုတိယမဲရုံမှူးနှင့်အတူ ထိုသူအား ဆန္ဒမဲထည့်နိုင်စေ ရေးအတွက် ကူညီရန်၊

(ဆ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံရှိမဲပုံးကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်း ပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးအား ချက်ချင်းတင်ပြရန်၊

(ဇ) မဲဆန္ဒရှင်တိုင်း ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ လွှတ်တော်မဲပုံးထဲသို့ ထည့် မထည့် စောင့်ကြပ်ကြည့်ရှုရန်နှင့် မဲဆန္ဒရှင်တစ်ဦး တစ်ယောက်သည် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်း ခြင်းမပြုဘဲ မဲရုံအပြင်ဘက်သို့ ထုတ်ယူသွားကြောင်း တွေ့ရှိလျှင် လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ထည့်ရန် ကြံရွယ်ကြောင်း တွေ့ရှိလျှင်လည်းကောင်း မဲရုံမှူးထံ ချက်ချင်း အကြောင်းကြားရန်၊

(ဈ) ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာဖွယ်ရာ တွေ့ရှိပါ က မဲရုံမှူးထံ တင်ပြရန်၊

(ည) လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် လေ့လာသူအဖွဲ့များ အား စနစ်တကျရှိစေရေး ကြပ်မတ်ရန်၊

(ဋ) မဲပေးပြီးသူတိုင်း မင်တို့စေရေး ကြပ်မတ်ရန်၊

(ဌ) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တမျှသွားလို သည့်အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန် ဖြစ်သည်။

**မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၀။ မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်ဖြစ်သည် -

(က) မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန်လိုအပ်သည့် မင်အိုး သို့မဟုတ် မင်ခွက် စသည့်ပစ္စည်းများ ထုတ်ယူထားရန်၊

(ခ) ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ဆန္ဒမဲပေးခြင်း ပြီးစီးမှု ရှိ မရှိ စုံစမ်းမေးမြန်းရန်၊

(ဂ) ဆန္ဒမဲပေးခြင်းပြီးစီးကြောင်း သိရှိရပါက ထိုသူ၏ လက်ဝဲဘက်လက်သန်း လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

**မှတ်ချက်**။ လက်သန်းမရှိပါက လက်ချောင်းတစ်ချောင်းချောင်း၏ လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

**အပိုင်း(၂)**

**အီလက်ထရောနစ်မဲပေးစက်ဖြင့်ဆန္ဒမဲပေးခြင်း**

**မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၁။ မဲရုံမှူးသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) အီလက်ထရောနစ်မဲပေးစက်၊ မဲစာရင်းနှင့် မဲရုံမှူးက ရေးသားပြုစုရမည့် သတ်မှတ်ပုံစံများ၊ မဲရုံသုံးအခြားပစ္စည်း

များ ရရှိရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်းရယူထားရန်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ လွှတ်တော်အလိုက် အီလက်ထရောနစ်မဲပေးစက်များကို ပုံစံ(၁၁-စ)တွင် လက်မှတ်ရေးထိုး၍ ရယူထားရန်၊

(၃) ကော်မရှင်က သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် မဲရုံ၌ အသုံးပြုမည့် အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် အောက်ပါအတိုင်းဆောင်ရွက်ရန် -

(ကက) အီလက်ထရောနစ်မဲပေးစက်တွင် ပါဝင်သော ထိန်းချုပ်စက်၊ ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့တွင် အောက်ဖော်ပြပါ အချက်များ ကပ်နှိပ်ထားခြင်း ရှိ မရှိနှင့် မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန် -

(၁၁) မဲဆန္ဒနယ် အမည်နှင့်အမှတ်စဉ်၊

(၂၂) မဲရုံအမည်နှင့်အမှတ်စဉ်၊

(၃၃) စက်၏ အမှတ်စဉ်၊

(၄၄) မဲပေးသည့်ရက်စွဲ။

(ခခ) ထိန်းချုပ်စက်နှင့် ဆန္ဒပြုစက်တို့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ အမှတ်စဉ်၊ အမည်နှင့် သင်္ကေတ အမှတ်အသား ထည့်သွင်းချက် မှန် မမှန် စစ်ဆေး ရန်၊

(ဂဂ) မဲပေးချက်ဖော်ပြသည့်စက်တွင် အောက်ဖော်ပြပါ အချက်များ ဆောင်ရွက်ရန် -

(၁၁) သတ်မှတ်ထားသည့် စာရွက်လိပ် ထည့်သွင်း ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၂၂) ထိန်းချုပ်စက်နှင့် ဆန္ဒပြုစက်တို့တွင် ထည့်သွင်းထားသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမှတ်စဉ်၊ အမည်နှင့် သင်္ကေတအမှတ် အသားအတိုင်း ဖော်ပြချက် မှန် မမှန်စစ်ဆေး ခြင်း။

(ဃဃ) အီလက်ထရောနစ်မဲပေးစက်များ စမ်းသပ်စစ်ဆေး ခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊

မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ လာရောက်ကြည့်ရှုခြင်းအား ခွင့်ပြုရန်။

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) အီလက်ထရောနစ်မဲပေးစက်များအား တပ်ဆင်၍ စမ်းသပ်မဲပေးရန် ပြင်ဆင်ပြီးနောက် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များဖြင့် စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ရန်၊

(၂) စမ်းသပ်မဲပေးပြီးနောက် စက်ဖြင့်မဲပေးချက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တွင် ပါဝင်သော မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများ အရေအတွက်တူညီမှုရှိကြောင်းနှင့် စမ်းသပ်မဲပေးချက် မှန်ကန်မှုရှိကြောင်း ရေတွက်ပြသရန်၊ စမ်းသပ်မဲပေးချက်များကို စမ်းသပ်မဲပေးခြင်းမှတ်တမ်း ပုံစံ(၁၁-ဆ) သုံးစောင်ဖြင့် မှတ်တမ်းတင်ထားရန်၊ ယင်းပုံစံများတွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် စမ်းသပ်မဲပေးသူများက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တစ်စောင်စီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရန်၊

(၃) စမ်းသပ်မဲပေးပြီးနောက် ထိန်းချုပ်စက်မှ (Clear)ခလုတ်ကို နှိပ်၍ စမ်းသပ်မဲပေးချက်များကို ပယ်ဖျက်စေခြင်း၊

မဲပေးချက်ဖော်ပြသည့် စက်တွင်ပါဝင်သော မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများကို ရှင်းလင်းခြင်းပြုလုပ်ရန်၊

(၄) ထို့နောက် ထိန်းချုပ်စက်၊ ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့တွင် မဲပေးထားခြင်းလုံးဝမရှိသည့် အနေအထားကို မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များ အပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး ကော်မရှင်က သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံရေးကြိုးဖြင့် လုံခြုံစွာပိတ်ရန်၊

(၅) စိစစ်တွေ့ရှိချက်ကို ဆန္ဒမဲပေးခြင်းမစတင်မီ စက်ပစ္စည်းများစစ်ဆေးခြင်းမှတ်တမ်း ပုံစံ(၁၁-ဇ)သုံးစောင်ဖြင့်မှတ်တမ်းတင်ထားရန်၊ ယင်းပုံစံများတွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တစ်စောင်စီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရန်၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ လက်ခံရရှိထားသည့် သက်ဆိုင်ရာ လွှတ်တော်အတွက် ထိန်းချုပ်စက်ကို သက်ဆိုင်ရာ ထိန်းချုပ်စက်ကိုင်တွယ်သူများသို့ နောက်ဆက်တွဲပုံစံ(ဂ)ဖြင့် ပေးအပ်ရန်၊

(၇) ထို့နောက် မဲရုံဖွင့်ချိန်တွင် မဲပေးနိုင်ရန်အတွက် ထိန်းချုပ်စက်၊ ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့ကို သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း အသင့်တပ်ဆင်ထားရှိရန်။

(၈) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ်ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်သည် -

(၁) မဲဆန္ဒရှင်များ မဲပေးခြင်း စတင်နိုင်ရန်အတွက် ထိန်းချုပ်စက်ကိုင်တွယ်သူများကို ထိန်းချုပ်စက်ရှိ (On/Off) ခလုတ်ကို နှိပ်၍ ဖွင့်စေရန်၊

(၂) ဆန္ဒမဲပေးသူသည် ဆန္ဒပြုစက်ရှိ အမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်းတစ်ဦးဦးသည် သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း ဆန္ဒပြုခလုတ်ကိုနှိပ်၍ ဆန္ဒပြုစေရန်၊

(၃) ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များကိုယ်စား ဆောင်ရွက်ပေးရန်၊

(၄) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်းတစ်ဦးဦး သို့မဟုတ်

မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရန်၊

(၅) မဲပေးနေစဉ်အတွင်း အီလက်ထရောနစ်မဲပေးစက်အား မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ထားခြင်း ရှိ မရှိနှင့် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းကိစ္စရပ်များ ရှိ မရှိ သေချာစေရန် ဆန္ဒပြုခန်းသို့ ဝင်ရောက်စစ်ဆေးရန်၊

(၆) မဲဆန္ဒရှင်တစ်ဦးက ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုပြုလုပ်ခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာ ရှိနေခြင်းတို့ ပေါ်ပေါက်ပါက ဆန္ဒပြုခန်းအတွင်းသို့ ဝင်ရောက်၍ မဲပေးခြင်းလုပ်ငန်းအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆန္ဒမဲပေးပြီးသူအား ထွက်ခွာစေရန် ညွှန်ကြားခြင်းတို့ ပြုလုပ်ရန်၊

(၇) အီလက်ထရောနစ်မဲပေးစက်အပေါ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူထံ ချက်ချင်းအပ်နှံရန်၊

(၈) ဆန္ဒမဲပေးမည့်သူများ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆန္ဒမဲပေးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်၊

(၉) လျှို့ဝှက်ဆန္ဒပြုခန်းတွင် မဲပေးသူတစ်ဦးဦး ရှိနေပါက နောက်ထပ်မဲပေးသူတစ်ဦး ဝင်ရောက်ခြင်းမပြုစေရန်၊

(၁၀) မဲရုံအဖွဲ့ဝင်များသို့ ထိန်းချုပ်စက်များထုတ်ပေးခြင်း၊ မဲရုံဖွင့်သည့်အချိန်၊ ပိတ်သည့်အချိန်နှင့် အခြားမှတ်တမ်းတင်သင့်သော ဖြစ်ရပ်များကို ဖြစ်စဉ်မှတ်တမ်း နောက်ဆက်တွဲပုံစံ (ဃ)တွင် ရေးသွင်းထားရန်၊

(၁၁) ဆန္ဒမဲပေးစဉ် အီလက်ထရောနစ်မဲပေးစက်၏ စက်အစိတ်အပိုင်း တစ်စုံတစ်ရာချို့ယွင်းခြင်းဖြစ်ပေါ်ပါက အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းသည့် ထူးခြားဖြစ်စဉ်မှတ်တမ်း ပုံစံ(၁၄-ဂ)တွင်ရေးသွင်းပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြ၍ အရန်စက်ဖြင့် လဲလှယ်မဲပေးစေရန်၊

(၁၂) လဲလှယ်ပေးရန် အရန်စက်မရှိလျှင်ဖြစ်စေ၊ ထိန်းချုပ်စက်တွင်သိမ်းဆည်းထားသော ဆန္ဒမဲပေးပြီးသည့် အချက်အလက်များ ပျက်စီးသွားလျှင်ဖြစ်စေ ယင်းမဲရုံ၏ ဆန္ဒမဲပေးခြင်းအားရပ်ဆိုင်းပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရန်နှင့် ယင်းအဖြစ်အပျက်ကို အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းသည့် ထူးခြားဖြစ်စဉ်မှတ်တမ်း ပုံစံ(၁၄-ဂ)တွင် ပြည့်စုံစွာ ရေးသွင်းရန်။

(ဃ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ ဖြစ်စေ၊ ညနေ ၄ နာရီထိုးပြီး၍ဖြစ်စေ မဲရုံကို ပိတ်ပြီးလျှင် မဲရုံမှူး သည် ဆန္ဒမဲရေတွက်ခြင်းအား အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ရမည် -

(၁) မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ် များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ် စက်ကိုင်တွယ်သူအား ထိန်းချုပ်စက်ပါ (On/Off)ခလုတ်ကို နှိပ်စေ၍ မဲပေးခြင်းကို ပိတ်သိမ်းရန်၊ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရန်၊

(၂) မဲရုံတွင် လာရောက်မဲပေးသူ အရေအတွက်အား ပုံစံ(၁)၊ ပုံစံ(၁-က)တို့ဖြင့် တိုက်ဆိုင်စိစစ်၍ မှတ်တမ်းတင်ရန်၊

(၃) မဲပေးစက်၏ထိန်းချုပ်စက်မှ မဲရလဒ်များကို မှတ်တမ်းတင် ရေးသွင်းခြင်း မဆောင်ရွက်မီ မဲရုံအတွင်းရှိ သက်သေ အနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇ (ဂ-၁)တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရန်၊

(၄) အီလက်ထရောနစ်မဲပေးစက်၏ ထိန်းချုပ်စက်မှ မဲရလဒ်များ ကို မှတ်တမ်းတင်ရေးသွင်းခြင်း မဆောင်ရွက်မီ မဲရုံအဖွဲ့ဝင် များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် အများပြည်သူတို့အား ထိန်းချုပ်စက်နှင့် မဲပေးချက်ဖော်ပြ သည့်စက်တို့ကို လုံခြုံရေးကြိုးဖြင့် ပိတ်ထားသည့် မူလ အခြေအနေအတိုင်း ရှိ မရှိ ပြသရန်၊

(၅) ထိန်းချုပ်စက်တွင် တပ်ဆင်ထားသည့် လုံခြုံရေးကြိုးကို ဖွင့်၍ (Print)ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့်စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရန်၊ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရန်၊ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်ကြောင်း အသိပေးရန်၊

(၆) မဲရလဒ်စာရင်းများဖော်ပြသည့်စက္ကူဖြတ်ပိုင်းမှ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲရလဒ်များကို ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း အောက်ပါအတိုင်း စာရင်းရေးသွင်းပြီး ငါးစောင်စီပြုစုရန် -

(ကက) သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါသော) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံ (၁၇-ဂ)ဖြင့် ဖြည့်သွင်းရန်၊

(ခခ) အမျိုးသားလွှတ်တော် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်သော) မဲဆန္ဒနယ်နှင့် သက်ဆိုင်ရာ တိုင်းရင်း သားလူမျိုးများ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီး သီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံ ၁၇(ဂ-၁)ဖြင့် ဖြည့်သွင်းရန်။

(ဂ) အထက်အပိုဒ်ခွဲငယ် (ဖ) ပါ ပုံစံ (၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁) များ တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စား လှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက မှန်ကန် ကြောင်း လက်မှတ်ရေးထိုးပြီး ပုံစံတစ်စောင်စီနှင့် မဲရလဒ် စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းများကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်ပုံစံ နှစ်စောင်စီကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ ရန်၊ ပုံစံတစ်စောင်စီကို မိမိ၏လက်ဝယ်တွင် ထိန်းသိမ်းထား ပြီး ကျန်ပုံစံတစ်စောင်စီကို မဲရုံတွင်ကပ်ထားရန်၊ လက်မှတ် ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ် ကြောင်း အသိပေးရန်၊

(ဃ) မဲပေးချက်ဖော်ပြသည့်စက်တွင်ပါဝင်သည့် မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများကို သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက်

သတ်မှတ်ထားသည့်အိတ်များတွင်ထည့်ကာ လုံခြုံအောင် ပိတ်ရန်၊ ယင်းအိတ်များပေါ်တွင် မဲဆန္ဒနယ်အမည်၊ မြို့နယ် အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရန်၊

(၉) အီလက်ထရောနစ်မဲပေးစက်များပါ အစိတ်အပိုင်းအားလုံး ကို သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း ထုပ်ပိုး၍ လုံခြုံ ရေးကြိုးဖြင့် ပိတ်ရန်၊

(၁၀) ထို့နောက် အီလက်ထရောနစ်မဲပေးစက်များ၊ ဆန္ဒမဲဖြတ် ပိုင်းများထည့်ထားသည့်အိတ်များ၊ မဲရလဒ်စာရင်းများဖော်ပြ သည့်စက္ကူဖြတ်ပိုင်းများနှင့် ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)တို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့်အတူ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရန်၊

(၁၁) မဲရုံမှူးသည် အထက်အပိုဒ်ခွဲငယ် (၁၀)ပါ အီလက်ထရောနစ် မဲပေးစက်များ၊ ဆန္ဒမဲဖြတ်ပိုင်းများ ထည့်ထားသည့်အိတ် များ၊ မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းများနှင့် ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)တို့ကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရန်၊ သဘာဝဘေး အန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရ လည်းကောင်း ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ အပ်နှံရန်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ အီလက်ထရောနစ်မဲပေးစက်များ၊ ဆန္ဒမဲဖြတ်ပိုင်းများထည့်ထားသည့်အိတ်များ၊ မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းများနှင့် ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)တို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာ ပေးပို့ရန်၊

(၁၂) မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒမဲပေးပြီးနောက် မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့် ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်ဘဲ အခြားနိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို မှားယွင်းဖော်ပြကြောင်း တိုင်တန်းလိုပါက မဲရုံမှူးထံ ချက်ချင်းသတင်းပို့ရန်၊

(၁၃) မဲရုံမှူးသည် သတင်းပို့တိုင်တန်းချက်ရရှိလျှင် မဲပေးခြင်းကိုချက်ချင်းရပ်ဆိုင်းရန်၊ ထို့နောက် တိုင်တန်းချက် ပုံစံ(၁၄-က) တွင် တိုင်တန်းသူ မဲဆန္ဒရှင်ကိုယ်တိုင် ဖြည့်သွင်း၍ လက်မှတ်ရေးထိုးစေရန်၊ မဲရုံမှူးသည် အဆိုပါတိုင်တန်းချက်ကို လက်ခံခြင်းမပြုမီ မမှန်မကန်တိုင်ကြားပါက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုမြောက်ကြောင်း တိုင်တန်းသူမဲဆန္ဒရှင်အား အသိပေးပြောကြားရန်၊

(၁၄) မဲရုံမှူးသည် တိုင်တန်းချက်ကို လက်ခံရရှိပြီးနောက် တိုင်တန်းသူမဲဆန္ဒရှင်နှင့် မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌မှားယွင်းဖော်ပြကြောင်း တိုင်တန်းထားသည့်စက်ဖြင့်

တိုင်တန်းသူမဲဆန္ဒရှင်အား တစ်ကြိမ်စမ်းသပ်မဲပေးစေရန်၊ မဲပေးချက်ဖော်ပြသည့်စက်မှ ဆန္ဒမဲဖြတ်ပိုင်းကို ကြည့်ရှုစစ်ဆေးပြီးနောက် စမ်းသပ်မဲပေးခြင်းရလဒ်ကို ပုံစံ(၁၄-ခ) ဖြင့် မှတ်တမ်းတင်ထားရန်၊

(၁၅) မဲရုံမှူးသည် စမ်းသပ်မဲပေးချက်အရ မမှန်မကန်တိုင်ကြားကြောင်း စစ်ဆေးတွေ့ရှိရပါက -

(ကက) အီလက်ထရောက်နစ်မဲပေးစက်နှင့် စပ်လျဉ်းသည့် ထူးခြားဖြစ်စဉ်မှတ်တမ်း ပုံစံ(၁၄–ဂ)တွင် ဒုတိယအကြိမ် စမ်းသပ်မဲပေးထားချက်အား ခွင့်မပြုဟု မှတ်ချက်ရေးသားပြီး ယင်းမဲဆန္ဒရှင် စမ်းသပ်မဲပေးထားသော နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမှတ်စဉ်နှင့် အမည်ကိုပါ ဖော်ပြထားရန်၊

(ခ ခ) လိမ်လည်တိုင်တန်းသည့် မဲဆန္ဒရှင်ကို ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊

(ဂ ဂ) ဆန္ဒမဲပေးခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊

(ဃဃ) မဲပေးခြင်းပြီးဆုံး၍ မဲရလဒ်စာရင်းများ ဖြည့်သွင်းရာတွင် မဲဆန္ဒရှင်စမ်းသပ်မဲပေးထားသော နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအား စမ်းသပ်မဲပေးချက်ရလဒ်ကို ပယ်မဲအဖြစ် သတ်မှတ်ပြီး ယင်းနိုင်ငံရေးပါတီ သို့မဟုတ်

လွှတ်တော်ကိုယ်စားလှယ်လောင်း၏ စုစုပေါင်း မဲရလဒ်မှ နုတ်ပယ်၍ ပုံစံ(၁၇–ဂ)၊ ပုံစံ ၁၇(ဂ-၁) တွင် ဖြည့်သွင်းရန်။

(၁၆) (ကက) မဲရုံမှူးသည် ပုံစံ(၁၄-က)၊ ပုံစံ (၁၄-ခ) နှင့် ပုံစံ (၁၄–ဂ) တစ်စောင်စီကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့၍ တစ်စောင်စီကို လက်ခံအဖြစ်သိမ်းဆည်းထား ရန်၊

(ခခ) စမ်းသပ်မဲပေးချက်အရ ဆန္ဒမဲဖြတ်ပိုင်းတွင် ဖော်ပြ ချက်သည် စမ်းသပ်မဲပေးချက်နှင့် တူညီခြင်း မရှိလျှင် မဲရုံမှူးသည် ယင်းမဲရုံ၏ ဆန္ဒမဲပေးခြင်းအား ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း အကြောင်းကြားရန်။

(င) အထက်ပါလမ်းညွှန်ချက်များတွင် မပါရှိသည့်ကိစ္စများ ပေါ်ပေါက် လာပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရန်ဖြစ်သည်။

## ဒုတိယမဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ဒုတိယမဲရုံမှူးသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များရှိသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ လွှတ်တော်အလိုက် အီလက်ထရောနစ်မဲပေးစက်များကို ရယူထားရန်၊

(၂) ကော်မရှင်က သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် မဲရုံ၌အသုံးပြုမည့် အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ စမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်ရာတွင် မဲရုံမှူးအား ကူညီဆောင်ရွက်ရန်။

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ စမ်းသပ်မဲပေးခြင်းမှတ်တမ်း ပုံစံ(၁၁-ဆ)၊ စက်ပစ္စည်းများ စစ်ဆေးခြင်းမှတ်တမ်း ပုံစံ(၁၁-ဇ)၊ မဲစာရင်းများ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်အကျဉ်းချုပ် ပုံစံ(၁၂)၊ ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)၊ မဲပေးချက်မှားယွင်းကြောင်း တိုင်တန်းချက် ပုံစံ(၁၄-က)၊ မဲပေးချက်မှားယွင်းကြောင်း တိုင်တန်းချက်အရ

စမ်းသပ်မဲပေးခြင်းမှတ်တမ်း ပုံစံ(၁၄-ခ)၊ အီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းသည့် ထူးခြားဖြစ်စဉ်မှတ်တမ်း ပုံစံ (၁၄-ဂ)၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း ပုံစံ(၁၇-ဂ)၊ ပုံစံ ၁၇(ဂ-၁)နှင့် လုပ်ငန်းလမ်းညွှန်နောက်ဆက်တွဲ ပုံစံ(ခ)၊ (ဂ)နှင့် (ဃ)တို့ကို ထုတ်ယူထားရန်၊

(၂) အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ရာတွင် မဲရုံမှူးအားကူညီဆောင်ရွက်ရန်၊

(၃) အီလက်ထရောနစ်မဲပေးစက်တွင်ပါဝင်သော ထိန်းချုပ်စက်၊ ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့တွင် လုံခြုံရေးကြိုးဖြင့် လုံခြုံစွာပိတ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၄) အီလက်ထရောနစ်မဲပေးစက်များကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များအပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး မဲရုံအတွင်း သတ်မှတ်ထားသောနေရာ၌ ထားရှိရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ်ထားစဉ် မဲဆန္ဒရှင်တစ်ဦးက ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာ ရှိနေခြင်းတို့ ပေါ်ပေါက်ပါက မဲရုံမှူးထံချက်ချင်းသတင်းပို့ရန်၊

(ဃ) မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရမည်။

**မဲစာရင်းစစ်ဆေးသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၃။ မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည် -

(က) မဲရုံမှူးထံမှရရှိသော မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်းဟုတ် မဟုတ် စစ်ဆေးရန်၊

(ခ) မိမိရရှိထားသော မဲစာရင်းပါ စာမျက်နှာအမှတ်စဉ်နှင့်ရွက်ရေ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဂ) မိမိရရှိထားသော မဲစာရင်းပါ မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများစာရင်းကို မဲစာရင်းတွင်ပါဝင်သော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ မှတ်သားပြီး မပြီး စစ်ဆေးရန်၊

(င) ဆန္ဒမဲလာရောက်ပေးသူများကို အမည် မှန် မမှန်၊ ယင်းတို့ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တို့ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်းအမှတ်အားစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး ဆန္ဒမဲပေးခွင့်ပြုပါက မဲစာရင်းပုံစံ (၁)၊ ပုံစံ (၁-က)ပါ သက်ဆိုင်သူ၏ အမည်တည့်တည့်တွင်လက်မှတ်ရေးထိုးစေရန်၊ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မလက်ဗွေ နှိပ်စေရန်၊

**မှတ်ချက်**။ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း၊ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ

တွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိနှင့်သက်ဆိုင်သည့်မဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြနိုင်လျှင် မဲရုံမှူးထံတင်ပြ၍ မဲရုံမှူး၏ လမ်းညွှန်မှုအတိုင်း ဆက်လက်ဆောင်ရွက်ရန်။

(စ) မဲဆန္ဒရှင်တစ်ဦးသည် ယင်း၏ မဲစာရင်းပါအချက်များနှင့် မကိုက်ညီပါက မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ဆ) မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက ဆန္ဒမဲလာရောက်ပေးခြင်းကို လုံးဝ(လုံးဝ)ခွင့်မပြုရန်၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလာရောက်ပေးသူဖြစ်ကြောင်း စိစစ်တွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ဈ) ဆန္ဒမဲပေးရန်လာသူတစ်ဦးသည် မဲဆန္ဒရှင်အမှန်မဟုတ်ဟု သံသယရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်၊

(ည) မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်း ပြီးဆုံးပါက ထုတ်ယူထားသောမဲစာရင်းကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံပြီး မဲရုံမှူးထံတွင်ရှိသည့် နောက်ဆက်တွဲပုံစံ(ခ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေရန်၊

(ဠ) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းဆောင်ရွက်ခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တသွားလိုသည့် အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံ အဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန်ဖြစ်သည်။

**ထိန်းချုပ်စက်ကိုင်တွယ်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၄။ ထိန်းချုပ်စက်ကိုင်တွယ်သူ မဲရုံအဖွဲ့ဝင်သည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် မဲရုံ၌အသုံးပြုမည့် အီလက် ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံ အဖွဲ့ဝင်များ၏ ရှေ့မှောက်၌ စမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်ရာ တွင် မဲရုံမှူးအား ကူညီဆောင်ရွက်ရန်၊

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ရာတွင် မဲရုံမှူးအားကူညီဆောင်ရွက်ရန်၊

(၂) မိမိရရှိထားသော ထိန်းချုပ်စက်တွင် လုံခြုံရေးကြိုးဖြင့် လုံခြုံစွာ ပိတ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၃) မဲရုံမှူးထံမှရရှိသော မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက် ထိန်းချုပ်စက် ဟုတ် မဟုတ်နှင့် ID နံပါတ်မှန် မမှန် စစ်ဆေးရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ်ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) မဲရုံမှူး၏ညွှန်ကြားချက်နှင့်အညီ ထိန်းချုပ်စက်ရှိ (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်း စတင်နိုင်ရေး ဆောင်ရွက်ရန်၊

(၂) မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်း အမှတ်တို့ မှန်ကန်ပါက ထိန်းချုပ်စက်ရှိ (Ballot) ခလုတ်ကို နှိပ်၍ မဲဆန္ဒရှင်အား မဲပေးခွင့်ပြုရန်၊

(၃) ထိန်းချုပ်စက်ရှိ (Ballot)ခလုတ်ကိုနှိပ်ပြီးနောက် ဆန္ဒပြုစက်ရှိ မီးလုံးသည် အစိမ်းရောင်အဖြစ် ပြသမည်ဖြစ်သည်။ ထိုအခါ မဲဆန္ဒရှင်သည် ဆန္ဒပြုစက်ပါ မိမိနှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်ရှိ ခလုတ်ကို တစ်ကြိမ်သာ နှိပ်၍ ဆန္ဒပြုရမည်ဖြစ်သည်။ ဆန္ဒပြုစက်တွင် ဆန္ဒပြုခလုတ် ကို နှိပ်ပြီးနောက် အဆိုပါမဲပေးထားချက်ကို ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသည့် မဲပေးချက်ဖော်ပြသည့်စက်တွင် ပြသမည် ဖြစ်သည်။ ထို့နောက် အဆိုပါဆန္ဒမဲဖြတ်ပိုင်းသည် မဲပုံးအတွင်း သို့ ကျဆင်းသွားမည်ဖြစ်ပြီး မဲပေးပြီးကြောင်း အချက်ပေးသံ ထွက်ပေါ်လာမည်ဖြစ်ရာ မဲဆန္ဒရှင်တစ်ဦးက ဆန္ဒပြုခန်း

အတွင်း၌ အချိန်ကြာမြင့်စွာရှိနေခြင်း ဆောင်ရွက်နေပါက မဲရုံမှူးထံ ချက်ချင်းသတင်းပို့ရန်၊

(၄) ဆန္ဒမဲပေးပြီးသူများစာရင်းကို ထိန်းချုပ်စက်တွင်ကြည့်ရှု၍ အခါအားလျော်စွာ စစ်ဆေးရန်နှင့် မဲရုံမှူးထံသတင်းပို့ရန်၊

(၅) မဲပေးခြင်းပြီးဆုံးသည့်အခါ မဲရုံမှူး၏ညွှန်ကြားချက်နှင့်အညီ ထိန်းချုပ်စက်ရှိ (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရန်၊

(၆) မဲရုံမှူးထံမှ လက်ခံရရှိထားသည့် ထိန်းချုပ်စက်ကို နောက်ဆက်တွဲပုံစံ(ဂ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး မဲရုံမှူးထံအပ်နှံရန်၊

(၇) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တမျှသွားလိုသည့်အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန် ဖြစ်သည်။

## မဲရုံလုံခြုံရေးဆောင်ရွက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ မဲရုံလုံခြုံရေးဆောင်ရွက်သူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည် -

(က) မိမိစောင့်ကြပ်ရမည့် အီလက်ထရောနစ်မဲပေးစက်များကို သတ်မှတ်ထားသောနေရာတွင် စနစ်တကျထားရှိခြင်း ရှိ မရှိ စစ်ဆေးကြည့်ရှုရန်၊

(ခ) ဆန္ဒမဲလာရောက်ပေးသူတစ်ဦးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တစ်မျိုးမျိုး မပါရှိပါက မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မပြုရန်၊

(ဂ) မဲရုံအတွင်းသို့ ဝင်ရောက်ရာတွင် တားမြစ်ထားသည့်ပစ္စည်းများ ယူဆောင်လာခြင်းမရှိစေရေး မဲရုံအတွင်း မဝင်ရောက်မီ စစ်ဆေးရန်၊

(ဃ) မဲဆန္ဒရှင်တစ်ဦးက ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုပြုလုပ်ခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာရှိနေခြင်းတို့ ပေါ်ပေါက်ပါက မဲရုံမှူးထံချက်ချင်းသတင်းပို့ရန်၊

(င) မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စည်းကမ်းစနစ်တကျ ဝင် / ထွက်နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်းပြီးစီးနိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) မဲရုံသို့ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့်ဆန္ဒမဲပေးနိုင်ခြင်းမရှိပါက ဒုတိယမဲရုံမှူးနှင့်အတူ ထိုသူအား ဆန္ဒမဲပေးနိုင်စေရေးအတွက် ကူညီရန်၊

(ဆ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံရှိ အီလက်ထရောနစ်မဲပေးစက်များကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် အီလက်ထရောနစ်မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်စုံတစ်ရာ ချွတ်ယွင်းပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးအား ချက်ချင်းတင်ပြရန်၊

(ဇ) ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာဖွယ်ရာ တွေ့ရှိပါက မဲရုံမှူးထံ တင်ပြရန်၊

(ဈ) လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် လေ့လာသူအဖွဲ့များအား စနစ်တကျရှိစေရေး ကြပ်မတ်ရန်၊

(ည) မဲပေးပြီးသူတိုင်း မင်တို့စေရေး ကြပ်မတ်ရန်၊

(ဋ) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

**မှတ်ချက်**။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တမျှသွားလိုသည့်အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန် ဖြစ်သည်။

## မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်ဖြစ်သည် -

(က) မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန်လိုအပ်သည့် မင်အိုး သို့မဟုတ် မင်ခွက် စသည့်ပစ္စည်းများ ထုတ်ယူထားရန်၊

(ခ) ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ဆန္ဒမဲပေးခြင်း ပြီးစီးမှု ရှိ မရှိ စုံစမ်းမေးမြန်းရန်၊

(ဂ) ဆန္ဒမဲပေးခြင်းပြီးစီးကြောင်း သိရှိရပါက ထိုသူ၏ လက်ဝဲဘက် လက်သန်း လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

**မှတ်ချက်**။ လက်သန်းမရှိပါက လက်ချောင်းတစ်ချောင်းချောင်း၏ လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

## အပိုင်း(၃)

## အထွေထွေ

၁၇။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် တာဝန်ဝတ္တရားများကို ထမ်းဆောင်သူများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းရန်၊

(ခ) လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) ကော်မရှင်ကထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရေး ဆောင်ရွက်ရန်၊

(ဃ) ရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်း မပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်။

၁၈။ မဲရုံမှူးသည် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က ထုတ်ပြန်ထားသည့် အီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်အတိုင်း ဆောင်ရွက်ရမည်။

၁၉။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ မဲရုံအဖွဲ့ တစ်ခုခုတွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသောနေ့မှ ၁၅ ရက်အတွင်းသော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်သည်။ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက်ကျော်လွန်သော်လည်း ကော်မရှင်ကလည်းကောင်း၊ ကော်မရှင်၏တာဝန်ပေးချက်အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကလည်းကောင်း စုံစမ်းစစ်ဆေးပေါ်ပေါက်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်းအရေးယူဆောင်ရွက်နိုင်သည်။

၂၀။ မဲစာရင်းစစ်ဆေးသူများ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများ သို့မဟုတ် ထိန်းချုပ်စက်ကိုင်တွယ်သူများနှင့် မဲရုံလုံခြုံရေးဆောင်ရွက်သူများသည် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတို့က ပေးအပ်သည့် အခြားတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

၂၁။ မဲရုံမှူးသည်လည်းကောင်း၊ ဒုတိယမဲရုံမှူးသည်လည်းကောင်း၊ မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည်လည်းကောင်း မိမိတာဝန်ကျရာမဲရုံသို့ ရောက်ပြီးနောက် မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့် တစ်စုံတစ်ရာသော အကြောင်းကြောင့်လည်းကောင်း မိမိ၏တာဝန်ကို မထမ်းဆောင်နိုင်လျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရန်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နောက်ဆက်တွဲပုံစံ (က)

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပါအဝင်)များအတွက်

**( မဲရုံနမူနာပုံစံ ) (ဆန္ဒမဲလက်မှတ်ဖြင့်)**




က = မဲရုံဝင်ပေါက်ဝ
ခ = မဲရုံမှူး
ဂ = ဒုတိယမဲရုံမှူး
ဃ = လွှတ်တော်/လူမျိုးအလိုက်မဲစာရင်းစစ်ဆေးသူ
င = လွှတ်တော်/လူမျိုးအလိုက်မဲလက်မှတ်ထုတ်ပေးသူ
စ = လွှတ်တော်/လူမျိုးအလိုက်မဲပုံးများ
ဆ = လျှို့ဝှက်ဆန္ဒပြုခန်းများ
ဇ = မဲရုံလုံခြုံရေး
ဈ = မင်တို့မည့်မဲရုံအဖွဲ့ဝင်
ည = ရပ်/ကျေးကော်ခွဲဝင်များ
ဌ = လွှတ်လှယ်လောင်း/ ရွေးကောက်ပွဲကိုယ်စားလှယ်/မဲရုံကိုယ်စားလှယ် အကူကိုယ်စားလှယ်များ၊
ဠ = မဲရုံထွက်ပေါက်

**ရှင်းလင်းချက်**။ ၁။ မဲရုံတစ်ရုံလျှင်မဲဆန္ဒရှင်အများဆုံး (၃၀၀) ဦးမှ (၃၀၀၀) အထိသတ်မှတ်လျာထားပါသည်။

၂။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင်ကော်မရှင်တံဆိပ်နှင့်ရေစာကို(အစိမ်းရောင်) ရိုက်နှိပ်ပြီး မဲပုံးကိုလည်း အစိမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၃။ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို (အပြာရောင်) ရိုက်နှိပ်ပြီး မဲပုံးကိုလည်း အပြာရောင်ဖြင့်သတ်မှတ်ပါမည်။

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (ခရမ်းရောင်) ရိုက်နှိပ်ပြီး မဲပုံးကိုလည်း ခရမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ) အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး၏အမည်ကို စာသားဖြင့်ထင်ရှားစွာ သတ်မှတ်ဖော်ပြပါမည်။

နောက်ဆက်တွဲပုံစံ(က-၁)

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပါအဝင်)များအတွက် (မဲရုံနမူနာပုံစံ) (အီလက်ထရောနစ်မဲပေးစက်ဖြင့်)




က = မဲရုံဝင်ပေါက်ဝ

ခ = မဲရုံမှူး

ဂ = ဒုတိယမဲရုံမှူး

ဃ = လွှတ်တော်/လူအမျိုးအလိုက်မဲစာရင်းစစ်ဆေးသူ

င = ထိန်းချုပ်စက်ကိုင်တွယ်သူ

စ = လျှို့ဝှက်ဆန္ဒပြုခန်းများ

ဆ = အီလက်ထရောနစ်မဲပေးစက်

ဇ = မဲရုံလုံခြုံရေး

ဈ = မင်တို့မည့်မဲရုံအဖွဲ့ဝင်

ည = ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်များ

ဋ္ဌ = လွှတ်လှယ်လောင်း/ရွေးကောက်ပွဲကိုယ်စားလှယ်/ မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်များ

ဥ = မဲရုံထွက်ပေါက်

**ရှင်းလင်းချက်**။ ၁။ မဲရုံတစ်ရုံလျှင် သာမန်အားဖြင့် မဲဆန္ဒရှင်အများဆုံး (၃၀၀) ဦးမှ (၃၀၀၀) အထိသတ်မှတ်လျာထားပါသည်။

၂။ လွှတ်တော်တစ်ရပ်စီအတွက် ထိန်းချုပ်စက်၊ ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့ပါဝင်သော အီလက်ထရောနစ်မဲပေးစက် တစ်စုံစီ တပ်ဆင်ပါမည်။

၃။ ပြည်သူ့လွှတ်တော်အတွက် အီလက်ထရောနစ်မဲပေးစက်များတွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို အစိမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၄။ အမျိုးသားလွှတ်တော်အတွက် အီလက်ထရောနစ်မဲပေးစက်များတွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို အပြာရောင်ဖြင့် သတ်မှတ်ပါမည်။

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် အီလက်ထရောနစ်မဲပေးစက်များတွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို ခရမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ) အတွက် အီလက်ထရောနစ်မဲပေးစက်များတွင် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး၏အမည်ကို စာသားဖြင့်ထင်ရှားစွာ သတ်မှတ်ဖော်ပြပါမည်။

နောက်ဆက်တွဲပုံစံ (ခ)

## မဲရုံမှူးက မဲစာရင်းများကို မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |

မဲရုံမှူးလက်မှတ် ----------------------------

မဲရုံအမှတ် -----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

၂

**မဲစာရင်းစစ်ဆေးသူမှ မဲရုံမှူးသို့ မဲစာရင်းများကို ပြန်လည်အပ်နှံခြင်း**

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ----------------------------

မဲရုံအမှတ် -----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

နောက်ဆက်တွဲပုံစံ (ဂ)

**မဲရုံမှူးက ဆန္ဒမဲလက်မှတ်စာအုပ်များကို ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ**

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ် အရေအတွက်(ရွက်ရေ) | | ဆန္ဒမဲလက်မှတ် လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော်<br>သို့မဟုတ်<br>ပြည်နယ်လွှတ်တော် | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော်<br>သို့မဟုတ် ပြည်နယ်လွှတ်တော်<br>------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |

မဲရုံမှူးလက်မှတ် -------------------------

မဲရုံအမှတ် ---------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

၂

## ဆန္ဒမဲလက်မှတ်ထုတ်ယူသည့် မဲရုံအဖွဲ့ဝင်များမှ မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်စာအုပ်များကို ပြန်လည်အပ်နှံခြင်းပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ်အရေအတွက်(ရွက်ရေ) | | | | ဆန္ဒမဲလက်မှတ် အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|---|---|
| | | အသုံးပြု | | လက်ကျန် | | |
| | | ဂဏန်းဖြင့် | စာသားဖြင့် | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | | | |
| ၂ | အမျိုးသားလွှတ်တော် | | | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် ----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

------------ မြို့နယ်

**မှတ်ချက်**။ ဤပုံစံကို (၃) စောင်ပြုစု၍ တစ်စောင်စီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရမည်။

နောက်ဆက်တွဲပုံစံ (ဂ)

**မဲရုံမှူးက ထိန်းချုပ်စက်ကိုင်တွယ်သူ မဲရုံအဖွဲ့ဝင်များသို့**
**ထိန်းချုပ်စက် (Control Unit – CU) ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ**

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ထိန်းချုပ်စက် (Control Unit – CU) | | ထိန်းချုပ်စက် လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ID နံပါတ် | အရေအတွက် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |

မဲရုံမှူးလက်မှတ် ----------------------------

မဲရုံအမှတ် -----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

**ထိန်းချုပ်စက်ကိုင်တွယ်သူများမှ မဲရုံမှူးသို့**
**ထိန်းချုပ်စက်များကို ပြန်လည်အပ်နှံခြင်း**

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ထိန်းချုပ်စက် (Control Unit – CU) | | ထိန်းချုပ်စက် လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ID နံပါတ် | အရေအတွက် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ----------------------------

မဲရုံအမှတ် -----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

နောက်ဆက်တွဲပုံစံ (ဃ)

# ဖြစ်စဉ်မှတ်တမ်း

----------လွှတ်တော်မဲဆန္ဒနယ်အမှတ်(        )/တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် -------မြို့နယ်မဲဆန္ဒနယ် သို့မဟုတ် -------တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်

------------------------- မြို့နယ်

------------------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက် -------------- မဲရုံအမှတ် ----------

| **စဉ်** | **အချိန်** | **ဖြစ်စဉ်အကျဉ်းချုပ်** |
|---|---|---|
| | | |

**မှတ်ချက်**။ ဖြစ်စဉ်မှတ်တမ်းတွင် ဆောင်ရွက်ချက် တစ်ခုစီအတွက် မှတ်တမ်း တင်ရေးသွင်းပြီးသည့်အခါတိုင်း မဲရုံမှူးနှင့်အတူ လိုက်ပါဆောင်ရွက် သော ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးရန်။

မဲရုံမှူးလက်မှတ် ----------------------

အမည် ---------------------

ပုံစံ (၁)

# လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

## ၂၀ ခုနှစ်၊ လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[ နည်းဥပဒေ ၄ ]

---------------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ -------------လွှတ်တော်မဲဆန္ဒနယ်အမှတ် ( ) / တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် -------------မြို့နယ်မဲဆန္ဒနယ်၊ မြို့နယ်အမည်၊ ---------------

မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး ၊ မ ( )ဦး၊ မဲရုံအမှတ် ( ) ---------------------- ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။

**ရှင်းလင်းချက်**။

(၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ"ဖြင့်လည်း ကွင်းစ ကွင်းပိတ် အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား လက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန် ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန် ဖြစ်ပါသည်။

ပုံစံ (၁ - က)

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ

# ၂၀     ခုနှစ် ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[ နည်းဥပဒေ ၄ (ခ) ]

-------------------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (-------------------- တိုင်းရင်းသားလူမျိုး) မြို့နယ်အမည်၊ ---------------

မဲဆန္ဒရှင်ပေါင်း (      )ဦး၊ ကျား (    )ဦး ၊ မ (      )ဦး၊ မဲရုံအမှတ် (      ) ---------------------- ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။

**ရှင်းလင်းချက်။**

(၁) စာတိုင်( ၂ )တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် “အင်္ဂလိပ်အက္ခရာ” ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ်တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား လက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန် ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန် ဖြစ်ပါသည်။

ပုံစံ (၈)

## -----------လွှတ်တော်ရွေးကောက်ပွဲ

## မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်ခန့်စာ(နိုင်ငံရေးပါတီ)

[ နည်းဥပဒေ ၂၃ (ခ) ]

ဓာတ်ပုံ

သို့

-------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

----------------- မြို့

ဤရွေးကောက်ပွဲတွင် -----------------တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စု နယ်မြေ ---------- လွှတ်တော် မဲဆန္ဒနယ်အမှတ်( )/ --------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်---------မြို့နယ်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ----------နိုင်ငံရေးပါတီက -------------လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ၂၃ နည်းဥပဒေခွဲ (က)အရ ဤမဲဆန္ဒနယ်အတွင်းရှိ ------------ မြို့နယ်၊ ----------ရပ်ကွက်/ ကျေးရွာအုပ်စု မဲရုံအမှတ်( ) ၌ မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်စေရန် ဦး/ဒေါ် ----------------- နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------------- အား ခန့်ထားပါသည်။ ယင်း၏ အမည်သည်------------------ ရပ်ကွက်/ ကျေးရွာအုပ်စု မဲစာရင်းအမှတ်စဉ် ( )တွင် ပါရှိပါသည်။

ဥက္ကဋ္ဌ/ အတွင်းရေးမှူး

------------နိုင်ငံရေးပါတီ

---------------------မြို့

ရက်စွဲ၊-----------------------

ကျွန်ုပ်သည် မဲရုံကိုယ်စားလှယ် / အကူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။ ကျွန်ုပ်သည် ------------------------ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ------------လွှတ်တော် မဲဆန္ဒနယ်အမှတ်( )/ ------------ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်---------မြို့နယ် မဲဆန္ဒနယ်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံပါသည်။

မဲရုံကိုယ်စားလှယ် / အကူကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊------------------------

ခန့်ထားခြင်းကို အသိအမှတ်ပြုသည်။

ရုံးတံဆိပ်

---------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊--------------------------

ပုံစံ (၈-က)

**-------------- လွှတ်တော်ရွေးကောက်ပွဲ**

**မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်ခန့်စာ**

[ နည်းဥပဒေ ၂၃ (ခ) ]

ဓာတ်ပုံ

သို့

-------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

----------------- မြို့

ဤရွေးကောက်ပွဲတွင် ----------------- တိုင်းဒေသကြီး/ ပြည်နယ်/ပြည်ထောင်စုနယ်မြေ ----------- လွှတ်တော် မဲဆန္ဒနယ်အမှတ်( )/ ------------ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ---------မြို့နယ်မဲဆန္ဒနယ် သို့မဟုတ် ----------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၏ --------- လွှတ်တော်ကိုယ်စားလှယ်လောင်း ကျွန်ုပ် ---------- က --------- လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ၂၃ နည်းဥပဒေခွဲ(က)အရ ဤမဲဆန္ဒနယ်အတွင်းရှိ ----------- မြို့နယ်၊ --------- ရပ်ကွက်/ ကျေးရွာအုပ်စု မဲရုံအမှတ်( ) ၌ ကျွန်ုပ်၏ မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ် အဖြစ်ဖြင့် ဆောင်ရွက်စေရန် ဦး/ဒေါ် ----------------- နိုင်ငံသားစိစစ်ရေးကတ်/မှတ်ပုံတင်အမှတ် --------------------အား ခန့်ထားပါသည်။ ယင်း၏ အမည်သည် --------------- ရပ်ကွက်/ ကျေးရွာအုပ်စု မဲစာရင်းအမှတ်စဉ် ( )တွင် ပါရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း၏လက်မှတ်

ရက်စွဲ၊-----------------------

ကျွန်ုပ်သည် မဲရုံကိုယ်စားလှယ် / အကူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။ ကျွန်ုပ်သည် ------------------------ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ ------------လွှတ်တော် မဲဆန္ဒနယ်အမှတ်(  ) / ---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်---------မြို့နယ်မဲဆန္ဒနယ် သို့မဟုတ်----------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံပါသည်။

မဲရုံကိုယ်စားလှယ် / အကူကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊------------------------

ခန့်ထားခြင်းကို အသိအမှတ်ပြုသည်။

ရုံးတံဆိပ်

---------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊--------------------------

ပုံစံ(၁၁-က)

## လွှတ်တော်ရွေးကောက်ပွဲများ
## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲရုံမှူးများသို့ ဆန္ဒမဲလက်မှတ် ထုတ်ပေးသည့်စာရင်း

[ နည်းဥပဒေ ၅၂ (ခ) ]

____________ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| စဉ် | လွှတ်တော် | မဲဆန္ဒနယ် | ဆန္ဒမဲလက်မှတ် အရေအတွက်(ရွက်ရေ) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် | ___________တိုင်းဒေသကြီး/ ပြည်နယ်/ပြည်ထောင်စုနယ်မြေ မဲဆန္ဒနယ်အမှတ် (  ) | | |
| ၂ | အမျိုးသားလွှတ်တော် | ___________တိုင်းဒေသကြီး/ ပြည်နယ် မဲဆန္ဒနယ်အမှတ် (  ) | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် | ___________ မြို့နယ်မဲဆန္ဒနယ် | | |
| ၄ | တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် | ___________တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>___________တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>___________တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | |
| | | စုစုပေါင်း | | |

အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ် ရွက်ရေ (      ) စောင်ကို ထုတ်ပေး / လက်ခံ ရရှိပါသည်။

ဥက္ကဋ္ဌ အတွင်းရေးမှူး

________ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ _________________

မဲရုံမှူး

အမည်၊ ______________

မဲရုံအမှတ်၊ ______________

ရက်စွဲ၊ ______________

**မှတ်ချက်။** ဤပုံစံကို(၃)စောင်ပြုစု၍ တစ်စောင်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို ရပ်ကွက် / ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက လက်ခံအဖြစ်သိမ်းဆည်းထားပြီး တစ်စောင်ကို မဲရုံမှူးက သိမ်းဆည်းထားရမည်။

ပုံစံ (၁၁-ခ)

------------ **လွှတ်တော်ရွေးကောက်ပွဲ**

**ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်းမှတ်တမ်း**

[နည်းဥပဒေ ၅၂ ( ဂ )]

